ကမ္ဘာလုံးဆိုင်ရာကွန်ဖြူးရှပ်အင်စတီကျူးညီလာခံကြီး ကူမင်းမြို့၌ကျင်းပ

ဒီဇင်ဘာလ ၁၀ရက်နေ့မှ ၁၁ရက်နေ့အထိ (၁၁)ကြိမ်မြောက် ကွန်ဖြူးရှပ်အင်စတီကျူးညီလာခံကြီးကို ကူမင်းမြို့တွင် ကျင်းပခဲ့သည်။ တရုတ်နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ်၊ ကွန်ဖြူးရှပ်အင်စတီကျူးရုံးချုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ လျူရန်ဒုံးက ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး မိန့်ခွန်းပြောကြားခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ ကွန်ဖြူးရှပ်အင်စတီကျူးထူးချွန်ပုဂ္ဂိုလ်များနှင့် ထူးချွန်အဖွဲ့အစည်းများအတွက်ဆုတံဆိပ်ချီးမြှင့်ပေးခဲ့သည်။

ထိုသို့ မိန့်ခွန်းပြောကြားရာတွင် တရုတ်သမ္မတကြီးရှီကျင့်ဖျင်က ကွန်ဖြူးရှပ်အင်စတီကျူးသည် တရုတ်နိုင်ငံပိုင်ဆိုင်ထားသည်သာမက တစ်ကမ္ဘာလုံးကလည်း ပိုင်ဆိုင်ထားပါကြောင်း၊ ကွန်ဖြူးရှပ်အင်စတီကျူးတည်ထောင်ခဲ့သည့် (၁၂)နှစ်အတွင်း တရုတ်နိုင်ငံနှင့်သက်ဆိုင်ရာနိုင်ငံများ၊ လူမှုရေးအဖွဲ့အစည်းတို့၏ပူးပေါင်းကြိုးစားမှုအောက်တွင် ကွန်ဖြူးရှပ်အင်စတီကျူးသည် ခြေလှမ်းမှန်မှန်တိုးတက်လာပြီး ကျောင်းထောင်ရန်အရည်အသွေးလည်း အဆက်မပြတ်မြှင့်တင်၊ ဝန်ဆောင်မှုစွမ်းရည်လည်း အဆက်မပြတ်တိုးချဲ့၊ လည်ပတ်မှုစနစ်လည်း တစ်နေ့တစ်ခြားပြီးပြည့်စုံလာပြီး အဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသစ်လောင်းပေးနိုင်ခဲ့ကြောင်း၊ လက်ရှိတွင်နိုင်ငံပေါင်း (၁၄၀)နိုင်ငံတို့တွင် ကွန်ဖြူးရှပ်အင်စတီကျူး (၅၁၁)ကျောင်း၊ ကွန်ဖြူးရှပ်စာသင်ကျောင်း (၁၀၇၃)ကျောင်းတည်ထောင်ခဲ့ပြီး အမျိုးစုံသောကျောင်းသားဦးရေနှစ်သန်းရှိကာ တရုတ်နှင့်နိုင်ငံခြားများအကြား ယဉ်ကျေးမှုများအပြန်အလှန်ဖလှယ်စေသော “ပေါင်းကူးတံတားဆောက်လုပ်သူ”နှင့် ကမ္ဘာမှတရုတ်နိုင်ငံကို သိရှိစေသော၊ တရုတ်နိုင်ငံနှင့်နိုင်ငံအသီးသီးတို့နှင့် ချစ်ကြည်ရေးတိုးမြှင့်ရန်၊ ပူးပေါင်းဆောင်ရွက်ရန် အရေးပါသောပြတင်းပေါက်ဖြစ်လာနိုင်ခဲ့ကြောင်း ဒုတိယဝန်ကြီးချုပ်လျူရန်ဒုံးက အလေးတင်းပြောကြားခဲ့သည်။

ညီလာခံကြီးတွင် “ဆန်းသစ်တီထွင်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ အားလုံးပါဝင်စေရေး၊ အကျိုးတူခံစားရေး”ကို ဆောင်ပုဒ်အဖြစ် နှစ်ရက်ကြာကျင်းပခြင်းဖြစ်သည်။ ညီလာခံတွင် ပြည်တွင်းပြည်ပမှ တက္ကသိုလ်ကျောင်းအုပ်များဖိုရမ်၊ ကွန်ဖြူးရှပ်အင်စတီကျူးကျောင်းအုပ်များဖိုရမ်(၁၄)ခုတို့ကို ကျင်းပခဲ့သည်။ “တရုတ်တိုင်းရင်းဆေး၊ ထိုက်ကျိသိုင်းစသည့် တရုတ်ယဉ်ကျေးမှုပြည်ပဆက်ဆံရေးနှီးနှောဖလှယ်ပွဲ”၊ “ကွန်ဖြူးရှပ်အင်စတီကျူးနှင့် ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု’ တည်ဆောက်ရေးလုပ်ငန်းဆွေးနွေးပွဲ”နှင့် စားပွဲဝိုင်းဖိုရမ်ဖြစ်ကြသည့် ခေါင်းစဉ်တပ်အထူးအစည်းအဝေး(၃)ရပ်ကျင်းပခဲ့သည်။ ကွန်ဖြူးရှပ်အင်စတီကျူးနုံးချုပ် စီမံကိန်းမေးမြန်းပွဲနှင့်ကွန်ဖြူးရှပ်အင်စတီကျူး တရုတ်ဘာသာဖတ်စာများပြပွဲ၊ ကွန်ဖြူးရှပ်အင်စတီကျူးယဉ်ကျေးမှုဆန်းသစ်တီထွင်မှုပြပွဲ၊ ယူနန်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်နှင့် တရုတ်တိုင်းရင်းဆေး၊ ခရီးသွားလာရေးပြပွဲစသည့် လှုပ်ရှားမှုစီးရီးကိုလည်း ကျင်းပခဲ့သည်။ နိုင်ငံနှင့်ဒေသ(၁၄၀)ခုတို့မှရောက်ရှိလာသည့် တက္ကသိုလ်ကျောင်းအုပ်ကြီးများ၊ ကွန်ဖြူးရှပ်အင်စတီကျူးမှ ကိုယ်စားလှယ်စုစုပေါင်း(၂၂၀၀)တို့ဦးက ပါဝင်တက်ရောက်ခဲ့ကြသည်။

ယခင်နှစ်များနှင့်မတူသည်မှာ ယခုအကြိမ် ကွန်ဖြူးရှပ်အင်စတီကျူးညီလာခံကြီးကို ယူနန်တွင် ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်သည်။ယူနန်ပိုင်းရင်းသားအသီးသီးတို့၏ တမူထူးခြားသောသမိုင်းယဉ်ကျေးမှုသည် တရုတ်ဘာသာယဉ်ကျေးမှုနှင့် အပြန်အလှန်ရောင်ပြန်ဟပ်စေပြီး ပိုမိုလှပပေါ်ထွက်သော တရုတ်ယဉ်ကျေးမှုများစုစည်းလာခဲ့သည်။ လွန်ခဲ့သည့်နှစ်များအတွင်း ယူနန်သည် ကွန်ဖြူးရှပ်အင်စတီကျူး တည်ဆောက်ရေးလုပ်ငန်းကို တက်ကြွစွာထောက်ခံအားပေး၍ ပါဝင်ဆောင်ရွက်ခဲ့သည်။

ယခုအကြိမ်ကွန်ဖြူးရှပ်အင်စတီကျူးညီလာခံကြီးကို ယူနန်၌ကျင်းပခြင်းသည် ယူနန်၏ဘက်စုံတံခါးဖွင့်ရေး၊ နိုင်ငံတကာအသိုက်အဝန်းနှင့် ဘက်စုံပူးပေါင်းဖလှယ်ရေးအတွက် အခွင့်အလမ်းကောင်းများ ပိုမိုပွင့်လင်းလာစေကြောင်း ယူနန်ပြည်နယ်အစိုးရအဖွဲ့ဝင်များက ထောက်ပံ့ပေးနိုင်ခဲ့သည်။ ကမ္ဘာမှယူနန်ကိုသိရှိစေရေး၊ ယူနန်မှကမ္ဘာကိုသိရှိစေရေးအတွက်လည်း ရတောင့်ရခဲသော အခွင့်အရေးကိုလည်း ထောက်ပံ့ပေးနိုင်ခဲ့သည်။

ယခုအကြိမ်ညီလာခံကြီးတွင်ကျင်းပသည့် ပေကြွယ်လှသောလှုပ်ရှားမှုမှန်သမျှဖြင့်နက်ဝှမ်း၍ကြွယ်ဝသော တရုတ်ယဉ်ကျေးမှုများကိုပြသခဲ့ပြီး မျိုးစုံများပြားသော ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးဆောင်မှုသစ်ပြုလုပ်ခဲ့သည်။ ကွန်ဖြူးရှပ်အင်စတီကျူးယဉ်ကျေးမှုဆန်းသစ်တီထွင်မှုပြပွဲတွင် ကွန်ဖြူးရှပ်အင်စတီကျူးအသီးသီးမှ ယခုနှစ်များအတွင်း ဖွံ့ဖြိုးထားသောထူးချွန်ယဉ်ကျေးမှုဆန်းသစ်တီထွင်မှုလက်ရာ(၂၀၀)ကျော်ကို စုပေါင်းပြသခဲ့သည်။ ယင်းလက်ရာများမှာ သရုပ်သကန်ကြော်ငြာပစ္စည်း၊ အမှတ်တရပစ္စည်း၊ အလှဆင်ပစ္စည်း၊ စာရေးကိရိယာ၊ အဝတ်အထည်စသည်များပါဝင်သည်။ ယင်းလက်ရာများသည် ကွန်ဖြူးရှပ်အင်စတီကျူးအသီးသီးမှ ယဉ်ကျေးမှုလှုပ်ရှားမှုများ၏ မှတ်တမ်းတင်ခြင်းလည်းဖြစ်၊ ၎င်းတို့က နယ်ခံဒေသများနှင့် ပူးပေါင်းဖလှယ်ကြရာတွင် ရရှိထားသော ဆန်းသစ်တီထွင်မှုဆိုင်ရာ အောင်မြင်မှုများလည်းဖြစ်သည်။ ယူနန်ပြည်နယ်ဖြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ပြပွဲတွင် ယူနန်ပြည်နယ်ရှိ နိုင်ငံတော်အဆင့်၊ ပြည်နယ်အဆင့်ဖြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်(၃၅)ရပ်ဖြင့် လာရောက်ကြည့်ရှုသူများအား ယူနန်တိုင်းရင်းသားလူမျိုးစု(၂၆)စုတို့မှ ရှည်လျားသော ကုန်ထုတ်လုပ်မှုကာလ၊ အလုပ်လုပ်မှုကာလအတွင်းဖြစ်တည်လာသော ရသသဘောထားအမြင်နှင့် ဝံသာနုစိတ်ဓာတ်များကို ပြသနိုင်ခဲ့သည်။ ကွန်ဖြူးရှပ်အင်စတီကျူးကျောင်းအုပ်ကြီးများဖိုရမ်တွင် နိုင်ငံအများမှ ကွန်ဖြူးရှပ်အင်စတီကျူးကျောင်းအုပ်ကြီးတို့စုဝေးပြီး အကြောင်းအရာ(၇)ခုနှင့်စပ်လျဉ်း၍ ကျယ်ပြန့်စွာနှီးနှောဖလှယ်ခဲ့ကြသည်။ ပညာသင်ကြားရေးနှင့်လူမှုယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးတိုးမြှင့်စေရန်၊ ကွန်ဖြူးရှပ်အင်စတီကျူးများကို ပိုမိုကောင်းမွန်အောင် တည်ဆောက်စေရန်၊ ကမ္ဘာမှယူနန်ကို ပိုမိုသိရှိစေရန်နှင့် ယူနန်မှ ကမ္ဘာကို ပိုမိုသိရှိစေရန်ကြိုးပမ်းဆောင်ရွက်သွားမည်ဟုတင်ပြခဲ့သည်။

လက်ရှိတွင် ကွန်ဖြူးရှပ်အင်စတီကျူးသည် ကမ္ဘာတွင်အရှိန်အဝါကြီးမားသထက်ကြီးမားလာနေပြီး နိုင်ငံများအကြား ပညာရေးမှတစ်ဆင့် ဆက်သွယ်ဖလှယ်သော ပြတင်းပေါက်နှင့်ပေါင်းကူးတံတားလည်းဖြစ်လာနေသည်။ (၁၂)နှစ်ကြာ ဖွံ့ဖြိုးတိုးတက်ခြင်းအားဖြင့် ယခုလက်ရှိတွင် စမှတ်သစ်ပေါ်၌ ရပ်တည်လာပြီးဖြစ်သည်။ ယူနန်သည်လည်း “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” မဟာဗျူဟာ၏ အခွင့်ကောင်းယူ၍ အိမ်နီးချင်းနိုင်ငံရှိ တက္ကသိုလ်ကောလိပ်များ၊ အဖွဲ့အစည်းများနှင့် အဆက်မပြတ်ပူးပေါင်းဆက်ဆံပြီး ကမ္ဘာမှ တရုတ်နှင့်ယူနန်ပြည်နယ်ကို ပိုမိုသိရှိစေမည်ဖြစ်သည်။

ယူနန်တွင် (၄၁၁)ယောက်တို့က စည်းကမ်းဖောက်ဖျက်၍ အစစ်ဆေးခံ

ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီစည်းကမ်းကြီးကြပ်စစ်ဆေးရေးကော်မတီ စည်းကမ်းကြီးကြပ်ရေးဦးစီးဌာန၏ စာရင်းများအရ ယခုနှစ်ဇန်နဝါရီလမှ အောက်တိုဘာလအထိ ယူနန်ပြည်နယ်အတွင်းရှိ စည်းကမ်းကြီးကြပ်စစ်ဆေးဌာနအဆင့်ဆင့်တို့သည် စည်းကမ်းဖောက်ဖျက်မှု(၃၁၈)မှုကို ဖော်ထုတ်ခဲ့ပြီး စည်းကမ်းဖောက်ဖျက်သူ (၄၁၁)ယောက်ကို အရေးယူခဲ့ကြောင်း သိရသည်။

ဇန်နဝါရီလမှ အောက်တိုဘာလအထိ ဖော်ထုတ်ထားသော စည်းကမ်းဖောက်ဖျက်မှုများအနက်ထောက်ပံ့ကြေးငွေဆိုင်ရာပြဿနာ သို့မဟုတ် သက်သာချောင်ချိရေးဆိုင်ရာပြဿနာ၊ လာဘ်စားမှုပြဿနာ၊ နိုင်ငံ့ဘဏ္ဍာငွေဖြင့် ပြည်တွင်းခရီးသွားမှုပြဿနာစသည့် အမျိုးအစားများပါဝင်ခဲ့သည်။

ထို့ပြင် ယခုနှစ်အတွင်း ယူနန်ပြည်နယ်သည် ခေါင်းဆောင်များပြုမူဆောင်ရွက်မှုမရှိခြင်း၊ အလွဲပြုမူဆောင်ရွက်ခြင်းစသည့် ထင်ရှားသောပြဿနာများကို အားထုတ်ဖြေရှင်းပြီး ဝန်ထမ်းများ၏လုပ်ဟန်ကို ပြောင်းလဲစေကာ ခေါင်းဆောင်များအား နေ့စဉ်ကြီးကြပ်အုပ်ချုပ်ရေးလုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်ခဲ့သည်။

အောက်တိုဘာလအထိ တစ်ပြည်နယ်လုံးတွင် လုပ်ဟန်တည်ဆောက်ရေးအပိုင်းတွင် စည်းကမ်းဖောက်ဖျက်မိသော ပြဿနာစုစုပေါင်း(၂၉၀၀)ကျော်ကို စစ်ဆေးတွေ့ရှိပြီး အရေးယူပေးခဲ့သည်။ ၎င်းအနက် တာဝန်ခံမှုအရ(၂၃၄၇)ယောက်အပေါ် အရေးယူခဲ့သည်။ ပါတီနှင့်အစိုးရစည်းကမ်းဖောက်ဖျက်မှုအရ(၃၀၂)ယောက်အပေါ် အရေးယူခဲ့သည်။ပါတီအတွင်း(၁၇၉၄)ယောက်တို့အပေါ် အရေးယူခဲ့သည်။ စည်းကမ်းဖောက်ဖျက်မှုပြဿနာ(၃၀)ကျော်အပေါ် ရှေ့ဆင့်နောက်ဆင့် သတင်းထုတ်ပြန်၍ ဖော်ပြခဲ့သည်။

(ယူနန်ကွန်ရက်)